# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 22, 2020 | Volume 35, Number 16


**၂၂.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၂၇/- ကျပ် |
| CBM Rate | = ၁၃၁၆.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၆၅.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၇.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၉.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၈၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၈.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၉၄၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 ကပ်ရောဂါဖြစ်နေသော်လည်း လာမည့်ဘဏ္ဍာနှစ် လယ်ယာနှင့်ရေထွက်ကုန်တင်ပို့မှု အလားအလာကောင်းဟုဆို



COVID-19 ကပ်ရောဂါဖြစ်နေသော်လည်း လာမည့်ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်တင်ပို့မှုမှ ဝင်ငွေတိုးတက်ရရှိရန် အလားအလာကောင်းများ ရှိနေသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။

ဆန်၊ ပြောင်းဖူးစေ့ အပါအဝင် လယ်ယာထွက်ကုန်များက ယခုဘဏ္ဍာနှစ်တွင် တင်ပို့နိုင်မှု အခွင့်အလမ်းကောင်းများကြောင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၅၀၀ ကျော် ပိုမိုတင်ပို့နိုင်သည်။ ထို့အတူ ငါး၊ ပုစွန် အပါအဝင် ရေထွက်ကုန်တင်ပို့မှုကလည်း ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် သန်း ၁၁၀ ကျော် ပိုမိုတင်ပို့နိုင်သည်။ “ပို့ကုန်မှာ ဒီကဏ္ဍနှစ်ခုက အလားအလာအကောင်းဆုံးပဲ” ဟု ဦးခင်မောင်လွင်ကပြောသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပဆန်တင်ပို့မှုက တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ထားပြီး ဒေါ်လာ သန်း ၇၆၀ ကျော် ရရှိထားသည်။ ပြောင်းဖူးစေ့တန်ချိန် ၂ ဒသမ ၅ သန်းခန့်လည်း တင်ပို့ထားသည်။ ပဲမျိုးစုံတင်ပို့မှုကလည်း ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် ပိုများကြောင်း ဦးခင်မောင်လွင်ကဆိုသည်။ ရာသီဥတုဖောက်ပြန်ပြီး တရုတ်နှင့် အိန္ဒိယနိုင်ငံတွင် ရေကြီးမှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆုံးရှုံးခဲ့သဖြင့် လာမည့်ဘဏ္ဍာနှစ် နိုင်ငံတကာဈေးကွက်တွင် ဆန်လိုအပ်ချက်မြင့်တက်နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တာဝန်ရှိသူအချို့ကပြောသည်။

ထို့အပြင် ရေထွက်ကုန်တင်ပို့မှုကလည်း ယခုဘဏ္ဍာနှစ်အတွင်း တန်ချိန် ၆ ဒသမ ၄ သိန်းကျော်တင်ပို့ထားပြီး ဒေါ်လာသန်း ၈၀၀ ကျော်ရရှိထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ထက် တင်ပို့နိုင်မှုတိုးတက်သကဲ့သို့ ဝင်ငွေပိုင်းလည်း မြင့်တက်လာသဖြင့် လာမည့်ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်တင်ပို့မှု အလားအလာကောင်းများရှိနေသည်ဟုဆိုသည်။

**Source:** https://7day.news/detail?id=199802

## COVID-19 ကူးစက်မှုများလျှော့ချနိုင်ရန် ပုဂ္ဂလိကဘဏ်ခွဲအချို့ကိုပိတ်ထား




COVID-19 ဒုတိယလှိုင်းကြောင့် ကူးစက်မှု၊ ထိတွေ့မှုများ လျှော့ချနိုင်ရန် ပြည်တွင်းပုဂ္ဂလိကဘဏ်အများစုက ဘဏ်ခွဲအချို့ကို ပိတ်ထားကြောင်းသိရသည်။ ဘဏ်ခွဲများကို ခေတ္တပိတ်မည်ဆိုပါက ဗဟိုဘဏ်ကို တင်ပြရမည်ဖြစ်ပြီး ငွေကြေးလည်ပတ်စီးဆင်းမှုကိုလည်း မထိခိုက်စေရန် အစီအမံများဆောင်ရွက်ထားကြောင်း ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေက ပြောသည်။ “ဗဟိုဘဏ်မှာလေ ဘယ်ဘဏ်တွေ ပိတ်တယ်၊ ဘယ်လိုတွေရှိတယ်၊ တရားဝင်ဇယားကြီး ကျွန်မတို့မှာအများကြီးရှိတယ်။ ဘဏ်တိုင်းက တော်တော်များများပိတ်ပါတယ်။ တချို့ဟာတွေ၊ မလိုအပ်တဲ့နေရာတွေ” ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေက မဇ္ဈိမသို့ ပြောသည်။

အကယ်၍ နယ်ဘဏ်ခွဲများတွင် အခက်အခဲရှိခဲ့လျှင် မြန်မာ့စီးပွားရေးဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းကြောင့် ငွေကြေးအခက်အခဲလည်း ဖြစ်မည်မဟုတ်ကြောင်း သူမကရှင်းပြသည်။ ပြည်တွင်းဘဏ်များထဲတွင် ဘဏ်ကြီးတစ်ခုဖြစ်သည့် ရှေ့ဝတီဘဏ်က ဘဏ်ခွဲပေါင်း ၂၀၀ ကျော်ရှိသည့်အနက် ရန်ကုန်မြို့ထဲမှ ဘဏ်ခွဲ ၄၃ ဘဏ်ကို ခေတ္တပိတ်ကြောင်း တရားဝင်ကြေညာထားသည်။ “ဆေးဝါးလုပ်ငန်းတို့လိုပဲ ကျွန်တော်တို့က လုံးဝပိတ်လို့လည်းမရဘူးပေ့ါ။ လောလောဆယ်ကာလမှာ ဘဏ်ဝန်ထမ်းတွေက ဆောင်ရွက်နေရတဲ့ကာလလည်းဖြစ်နေတော့ အဓိကတော့ ထိတွေ့မှုအနည်းဆုံးဖြစ်အောင် လူလည်းလျှော့သလို မြို့နယ်ထဲမှာလည်း တူနေတဲ့ဘဏ်တွေကို လျှော့ချချင်တဲ့ရည်ရွယ်ချက်ပါ” ဟု ရှေ့ဝတီဘဏ်၏ သတင်းပြန်ကြားရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဇောဟန်က ပြောသည်။

ရှေ့ဝတီဘဏ်အနေဖြင့် မြို့နယ်တစ်ခုတည်းတွင် ဘဏ်ခွဲ နှစ်ခု၊ သုံးခုရှိနေခြင်းကြောင့် ထိတွေ့မှုလျှော့စေရန် ဤသို့ ပြုလုပ်ရခြင်းဖြစ်ကြောင်းသိရသည်။ ဘဏ်ခွဲတိုင်းတွင် ATM ငွေထုတ်စက်ကို ငွေအမြဲဖြည့်ပေးထားမည်ဖြစ်ပြီး ဘဏ်ကိုလာရောက်သည့် ဖောက်သည်များကိုလည်း ခြောက်ပေစီခြားစေပြီး ဝန်ဆောင်မှုပေးမည်ဟု ဦးကျော်ဇောဟန်ကပြောသည်။ ကမ္ဘာ့ရတနာဘဏ် (GTB) ကလည်း အရေးမကြီးသော ဘဏ်ခွဲအချို့ကိုပိတ်ထားပြီး ဝန်ထမ်း ၃၀ ရာခိုင်နှုန်းကို နေအိမ်တွင်နေစေကြောင်းသိရသည်။ GTB ဘဏ် မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာလှညွှန့်က “ဒါပေမယ့် ဒီဘဏ်ပိတ်လိုက်လို့ အဲဒီမြို့နယ်မှာ တခြားဘဏ်တွေကလည်း တာဝန်လွှဲယူရတာပေ့ါ။ လူတွေလည်း သိပါတယ်။ တစ်ဘဏ်တည်းကို ပြုံတိုးသွားမှာ မဟုတ်ဘူးလေ။ ပြောချင်တာက ဒီလိုဖြစ်နေတဲ့အခြေအနေက ဖြစ်နေပြီဆိုတော့ အားလုံးငွေလွှဲတာတို့၊ ငွေပို့တာတို့က အွန်လိုင်းကသွားတာလေ” ဟုပြောသည်။

ထို့ကြောင့် မလိုအပ်ဘဲ ငွေကြေးကိုင်ခြင်း၊ ဘဏ်များတွင် စုပြုံတိုးခြင်းမလုပ်ဘဲ အွန်လိုင်းဘဏ်စနစ်၊ အွန်လိုင်းငွေပေးငွေယူစနစ်များကို အဓိကသုံးကြရန် သူကတိုက်တွန်းသည်။ COVID-19 ကူးစက်လူနာဦးရေ မြင့်တက်လာခဲ့ပြီးနောက် စက်တင်ဘာ ၂၁ ရက်နေ့ နောက်ပိုင်း ကိုကိုးကျွန်းမှအပ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးတွင် အပြင်မထွက်ကြဘဲ အိမ်မှာတွင် Stay at Home လုပ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကညွှန်ကြားထားသည်။ သို့သော် အများပြည်သူနှင့်သက်ဆိုင်သော ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ အစားအသောက်နှင့်ဆေးဝါးလုပ်ငန်းများကမူ လုပ်ရှားသွားလာခွင့်ရှိသည်။ စက်တင်ဘာလ ၂၁ ရက် ညနေ ၄နာရီခွဲအထိ မြန်မာတစ်နိုင်ငံလုံးတွင် COVID-19 အတည်ပြုလူနာ ၅၈၀၅ ဦး၊ ရောဂါကြောင့် သေဆုံးသူ ၉၇ ဦး ရှိနေသည်။

**Source:** https://www.mizzimaburmese.com/article/73699

## ဘုရင့်နောင်ကုန်စည်ဒိုင်နှစ်ပတ်ပိတ်သော်လည်း ပွဲရုံအများစုဆက်ဖွင့်မည်

ရန်ကုန်မြို့၏ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဗဟိုချက်တစ်ခုဖြစ်သော ဘုရင့်နောင်ကုန်စည်ဒိုင်ကို စက်တင်ဘာ၂၄ ရက်က စတင်ပြီး နှစ်ပတ်ပိတ်မည်ဖြစ်သော်လည်း ပွဲရုံအများစု ဆက်လက်ဖွင့်လှစ်သွားမည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။ စားအုန်းဆီ၊ ပဲမျိုးစုံတို့ကို အဓိကအရောင်းအဝယ်ပြုလုပ်နေသော ဘုရင့်နောင်ကုန်စည် ဒိုင်ခေတ္တ

ပိတ်ထားသော်လည်း အွန်လိုင်းမှ ရောင်းဝယ်မှုများ ဆက်လက်လုပ်ကိုင်မည်ဟု ၎င်းကဆိုသည်။ "ကုန်စည်ဒိုင်က ပိတ်ပေမယ့် ပွဲရုံအများစုကမပိတ်ဘူး။ တချို့ကြောက်တဲ့ပွဲရုံ အနည်းငယ်ပဲပိတ်ကြမှာပါ" ဟု ဦးခင်ဟန်ကပြောသည်။ စားသောက်ကုန်များ ရောင်းချမည့် ပွဲရုံအများစုဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

ရန်ကုန်တိုင်းရှိ ဆန်ကုန်စည်ဒိုင်များကလည်း တစ်ပတ်လျှင် သုံးရက်အချိန်ပိုင်းအတွင်း ဖွင့်လှစ်ပြီး အရောင်းအဝယ်ပြုလုပ်မည်ဟု စက်တင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။ ဝါးတန်းဆန်ကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်တို့ကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာရက်များတွင် နံနက် ၆ နာရီခွဲမှ ၁၀ နာရီအတွင်းသာ အရောင်းအဝယ် ပြုလုပ်ရမည်ဟု ဆန်စပါးကုန်သည်အသင်းကသတင်း ထုတ်ပြန်ထားသည်။ "နှစ်ပတ်လောက်မှာ နိုင်နိုင်နင်းနင်းနဲ့ လုပ်နိုင်မယ်ဆိုရင် ပြဿနာမရှိပါဘူး။ ဒီထက်ပိုကြာရင် အခက်အခဲတွေများလာနိုင်တယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသူရအေးက ပြောသည်။

လက်ရှိတွင် ရန်ကုန်ဆန် ဈေးကွက်သို့ ဆန်သစ်အနည်း ငယ်စတင်ဝင်နေသော်လည်းပမာဏအနည်းငယ်ဖြစ်၍ စိုးရိမ်စရာမရှိပေ။ လာမည့် အောက်တိုဘာလလယ်နောက်ပိုင်း ဆန်စပါးအထွက်များချိန်တွင် ကပ်ရောဂါကူးစက်မှုကို မထိန်းနိုင်ပါက တောင်သူလယ်သမားများနှင့် လယ်ယာကဏ္ဍတွင်ပါဝင်နေသူများ အကျပ်အတည်းများစွာကြုံနိုင်သည်ဟု ဦးမျိုးသူရအေးက ပြောသည်။ သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့် ကုန်စည်စီးဆင်းမှု အကျပ်အတည်းဖြစ်လာနိုင်သည်ဟု ၎င်းကဆိုသည်။

**Source:** https://7day.news/detail?id=199854

## ရွှေလီတွင် COVID-19 ကူးစက်သူထပ်မံမတွေ့၍ မူဆယ်နယ်စပ်ကုန်သွယ်ရေး အမြန်ဆုံးပြန်စနိုင်မည်ဟုကုန်သည်အချို့မျှော်လင့်

ရွှေလီမြို့တွင်ရှိနေသူများကို ကျန်းမာရေးစစ်ဆေးရာတွင် COVID-19 ကူးစက်ခံရခြင်း ထပ်မံမတွေ့သဖြင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း မူဆယ်မြို့ရှိ ကုန်သည်အချို့ကပြောသည်။ စက်တင်ဘာ ၂၀ ရက်ညပိုင်းအထိ ရွှေလီမြို့နေလူပေါင်း နှစ်သိန်းရှစ်သောင်းကို စစ်ဆေးရာတွင် ရောဂါပိုးကူးစက်ခံရမှု ထပ်မံမတွေ့သဖြင့် တရုတ်အစိုးရ၏ မူလသတ်မှတ်ထားသော Lockdown ရက်ကုန်ဆုံးချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု ၎င်းတို့ကပြောသည်။

ရွှေလီမြို့၏ Lockdown သတ်မှတ်ချက်သည် စက်တင်ဘာ ၁၄ ရက် ည ၁၀ နာရီခွဲတွင်စတင်ပြီး စက်တင်ဘာ ၂၁ ရက်ညတွင်ကုန်ဆုံးမည်ဖြစ်သည်။ ရွှေလီမြို့ကို ပြန်လည်ဖြေလျှော့ချိန်တွင် အကောက်အခွန်ဂိတ်ကို ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဟု မူဆယ်မြို့ရှိကုန်သည် အချို့ကမျှော်လင့်နေခြင်းဖြစ်သည်။ "တရုတ်က ပြန်ဖွင့်မယ့်အချိန်ကို ဒီဘက်မှာစောင့်နေကြတယ်။ တချို့ကလည်းကျယ်ဂေါင်ထဲမှာ သွားစောင့်နေကြတယ်"ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌဦးမင်းသိန်းကပြောသည်။

လက်ရှိတွင် မူဆယ်မြို့၌ ရွှေလီမြို့ Lockdown ပြန်ဖွင့်မည့်အချိန်ကိုစောင့်နေသော ဆန်၊ပဲ၊ ကြက်သွန်နီစသည့် စိုက်ပျိုးရေးထုတ်ကုန်များ တင်ဆောင်ထားသည့် ကုန်တင်ယာဉ်အစီးရေ ၂၀၀ ကျော်ရှိနေသည်ဟု ၎င်းကပြောသည်။ ထို့အပြင် ရွှေလီမြို့တွင် မြန်မာနိုင်ငံသို့ တင်ပို့မည့်ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အထည်အလိပ်ကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ တင်ဆောင်ထားသော မော်တော်ယာဉ်များကလည်း အကောက်အခွန်ဂိတ် ပြန်လည်ဖွင့်လှစ်မည့်အချိန်ကို စောင့်နေသည်ဟု ကုန်သည်အချို့ကပြောသည်။ "ကျွန်တော်တို့ကတော့ အမြန်ဆုံးပြန်ဖွင့်ဖို့ မျှော်လင့်နေတာပဲ။ တရုတ်အစိုးရရဲ့အခြေအနေကိုတော့ ပြောမရဘူးလေ" ဟု မူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောသည်။ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းလေးခုတွင် လက်ရှိ၌ မူဆယ်-ရွှေလီနှင့် ချင်းရွှေဟော်-မိန်းတိန် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ထားသည်။

**Source:** https://7day.news/detail?id=199853

## မုံရွာကုန်စည်ဒိုင် ယာယီပိတ်၍ အွန်လိုင်းမှ ရောင်းဝယ်စနစ်ပြုလုပ်မည်

COVID-19 ကာကွယ်ရေးအတွက် မုံရွာမြို့ကုန်စည်ဒိုင်ကို ယာယီပိတ်ကာ အွန်လိုင်းအရောင်းအဝယ်စနစ်ကျင့်သုံးမည်ဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင်ဥက္ကဋ္ဌဦးအေးကြိုင်ကပြောသည်။ COVID-19 ကူးစက်မှုနှုန်းမြင့်မားလာ၍ အသင်းသူ၊ အသင်းသားများနှင့် ကိုယ်စားလှယ်များ၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရန် စက်တင်ဘာ ၂၁ ရက်ကစ၍ မုံရွာကုန်စည်ဒိုင်ကို ယာယီပိတ်ပြီးဖုန်းဖြင့် အရောင်းအဝယ်လုပ်နိုင်ကြောင်း မုံရွာကုန်စည်ဒိုင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကြေညာထားသည်။ "မနေ့(စက်တင်ဘာ၂၀ ရက်) က ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးခေါ်ပြီး ရောဂါကူး စက်မှုပိုများလာတာရော၊ သီးနှံအရောင်းအဝယ်ပါးတဲ့အချိန်ဖြစ်နေတာရောကြောင့် ယာယီပိတ်လိုက်တာ။ ကုန်စည်ဒိုင်အသင်းသားတစ်ဦးနဲ့ ပိုးတွေ့သူထိတွေ့မိရင် ရောဂါကူးစက်နိုင်လို့ပါ"ဟု ဦးအေးကြိုင်ကပြောသည်။

COVID-19 ဖြစ်ပွားမှု အ ခြေအနေနှင့် သီးနှံကုန်စည်စီးဆင်းမှုပေါ်မူတည်၍ အခြေအနေကောင်းမှသာ ပြန်ဖွင့်မည်ဖြစ်ပြီး အင်တာနက်အသုံးပြု၍ ကုန်စည်ဒိုင်အသင်းသူ၊ အသင်းသားများ Group မှ သီးနှံအရောင်းအဝယ်လုပ်ရန်စီစဉ်ထားကြောင်း ၎င်းကဆိုသည်။ "နေ့စဉ် ၁၀ နာရီလောက်မှာ အွန်လိုင်းကနေ ဈေးနှုန်းတွေတင်ပေးလိုက်တာ အဲဒီဈေးနှုန်းနဲ့ ရောင်း၊ ဝယ်ကြတာ။ ဒီရက်ပိုင်းကတော့ မြေပဲ၊ ကုလားပဲနဲ့နှမ်း အရောင်းအဝယ်ဖြစ်နေတယ်။ ဒိုင်မှာ အရောင်းအဝယ်ပါးပြီး ကုန်သည်ပွဲစား အစိတ်၊ သုံးဆယ်လောက်ပဲလာတော့တယ်" ဟု မုံရွာကုန်စည်ဒိုင် သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုက ပြောသည်။ COVID-19 ကြောင့် မုံရွာကုန်စည်ဒိုင်ကို ဧပြီလကုန်ကတစ် လကျော်ပိတ်ထားခဲ့ရပြီး ယခုဒုတိယအကြိမ် ယာယီပိတ်ခြင်းဖြစ်ကာ ကုန်စည်ဒိုင်ပြန်ဖွင့်မည့်ရက်ကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ဦးတင်ကိုကိုကပြောကြားသည်။

**Source:** https://7day.news/detail?id=199862

## ဆန်ကုန်စည်ဒိုင်များ တစ်ပါတ်လျှင် သုံးရက်သာဖွင့်မည်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရန်ကုန်မြို့အတွင်း (Stay at Home) နေထိုင်ရန် ထုတ်ပြန်ချက်အရ ဆန်ကုန်စည်ဒိုင်များအနေဖြင့် တစ်ပါတ်လျှင် သုံးရက်သာ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး ကုန်သည်များ အသင်းမှသိရသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်များကို နေ့စဉ် တနင်္ဂနွေနေ့တစ်ရက်မှလွဲ၍ ဖွင့်လှစ်ရောင်းချပေးလျှက်ရှိရာ လက်ရှိတွင် (Stay at Home) နေထိုင်ရန် ထုတ်ပြန်ထားသည့်အတွက် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ လမ်းမတော်မြို့နယ်ရှိ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) နှင့်မရမ်းကုန်းမြို့နယ်ရှိ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) တို့ကို တစ်ပါတ်လျှင် သုံးရက်၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ရောင်းချမည့် အချိန်ကိုလည်း နံနက်(၆း၃၀)နာရီမှ (၁၀း၀၀)နာရီအတွင်းသာ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်သဖြင့် အသင်းသူ၊ သားများနှင့် ဝယ်ယူသူအားလုံးကို အသိပေးကြေညာထားသည်။ "ကုန်စည်ဒိုင်တွေက အရင်ကဆို တစ်ပါတ်ကို ခြောက်ရက်ဖွင့်ပြီး ရောင်းပေးတယ်။ အခုရန်ကုန်မြို့က နှစ်ပတ် stay at home ဆိုတော့ တချို့ဆိုင်တွေ ပိတ်လိုက်ရတယ်။ ဒါပေမယ့် စားသုံးကုန်တွေ မဖြစ်မနေ ဖွင့်ပေးရမယ့်ဆိုတော့ လူစုလူဝေးလည်းဖြစ်လို့မရဘူး။ဒါကြောင့် တစ်ပါတ်ကိုသုံးရက် ရောင်းချပေးမယ်ဆိုပြီး လုပ်လိုက်တာပါ" ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

ထို့ပြင် ဆန်စပါးကုန်စည်ဒိုင်များအတွင်း လာရောက်သူ အသင်းသူ၊ သားများ၊ ရောင်းသူ၊ ဝယ်သူများအနေဖြင့် ဆန်စပါး ကုန်စည်ဒိုင်များအတွင်းသို့ လာရောက်ကြရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော (COVID-19) ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်များသည် ရန်ကုန်မြို့နှင့် နိုင်ငံအဝှမ်း စားသုံးသူပြည်သူများ၏ နေ့စဉ် စားသုံးနေသော စားနပ်ရိက္ခာဆန်များ ဖြန့်ဖြူးပေးရာ အဓိကကျသော နေရာများဖြစ်သည့်အပြင် စားနပ်ရိက္ခာအတွက် မရှိမဖြစ် လိုအပ်သောနေရာများလည်း ဖြစ်သည်။

**Source:** http://www.fifthwavenews.com/fwn/53478

## မန္တလေးကုန်စည်ဒိုင် ပဲကုန်စည်အများစုဈေးနှုန်းကျဆင်းလာ

ကိုဗစ်-၁၉ ဒုတိယလှိုင်း ကူးစက်မှုမြင့်တက်လာခြင်းကြောင့် ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)ကို စက်တင်ဘာလ ၂၁ ရက် မှ အောက်တိုဘာလ ၁ ရက်အထိ ယာယီပိတ်ထားလိုက်ကြောင်း အဆိုပါအသင်းကကြေညာသည်။ "အခုရက်ပိုင်း လူဝင်တာလည်းနည်းတယ်။ တချို့ကလည်း ကျန်းမာရေးအရ မလာကြတာပါတယ်။ ဒီအထဲမှာ ဆက်စပ်ကူးသွားမှာစိုးတာ။ အဓိကကျန်းမာရေးကြောင့် ပိတ်လိုက်တာ။ သေချာတာက အောက်တိုဘာ ၁ ရက်အထိ ပိတ်မယ်။ အဲဒီနေ့ရောက်မှ ကျန်းမာရေး အခြေအနေပေါ်မူတည်ပြီး ဆက်လက်ထုတ်ပြန်သွားမယ်" ဟု ကုန်စည်ဒိုင်ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးဆွေကပြောကြားသည်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့သည့်အချိန်ကလည်း မန္တလေးကုန်စည်ဒိုင်ကို မတ်လ၂၅ရက်က စတင်ပြီး နှစ်လခန့် ပိတ်ထားခဲ့ရပြီး လက်ရှိတွင် ဒုတိယအကြိမ်ထပ်မံပိတ်ရခြင်းဖြစ်သည်။ ကုန်စည်ဒိုင်မပိတ်မီ ရက်သတ္တပတ်အလိုကတည်းက မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဖြစ်သည့် တရုတ်နိုင်ငံရွှေလီမြို့ကို ကိုဗစ်-၁၉ရောဂါကြောင့် လော့ဒေါင်းချထားသဖြင့် ပဲမျိုးစုံအရောင်းအဝယ်ရပ်တန့်ကာ ဈေးနှုန်းများလည်းကျဆင်းခဲ့သည်။ နှမ်းကုန်စည်မှာမူ အရောင်းအဝယ်ရပ်သွားပြီး ဈေးနှုန်းမှာလည်း စက်တင်ဘာ ၁၁ရက်က စမုန်နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ၁၈၀၀၀၀ကျပ်ရှိခဲ့ရာမှ စက်တင်ဘာ ၁၈ ရက်တွင် ၁၈၀၀၀၀ ကျပ်အောက်ရောက်ရှိကာ ဝယ်ယူမှုမရှိသည့်အခြေအနေဖြစ်နေသည်။ အလားတူ နှမ်းဖြူမှာ ယခင်က တစ်အိတ်လျှင် ၁၁၆,၀၀၀ကျပ် ရှိရာမှ ၁၀၅,၀၀၀ ကျပ်သို့ကျဆင်းခဲ့ပြီး ကုန်သွယ်ရေးလမ်းကြောင်း ရေရှည်ပိတ်ထားပါက ယခုဈေးနှုန်းထက် ကျဆင်းနိုင်မည့်အခြေအနေတွင်ရှိကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

အလားတူ မြေပဲမှာလည်း နယ်စပ်ကုန်သွယ်မှုရပ်တန့်သွားသည့် ဂယက်ကြောင့် ဝယ်ယူမှုမရှိသလောက်နည်းပါးသွားသဖြင့် စက်တင် ဘာ ၁၁ရက် ပေါက်ဈေး မြေပဲလုံးဆံတစ်ပိဿာလျှင် ၃,၀၅၀ကျပ်ရှိခဲ့ရာမှ စက်တင်ဘာ ၁၈ရက်တွင် ၂,၉၀၀ မှ ၃,၀၀၀ကျပ် ကြားအထိကျဆင်းသွားကာ လက်ရှိ အခြေအနေများအရ ဈေးနှုန်းဆက်လက်ကျမည့်အခြေအနေတွင်ရှိသည်။ ပြည်တွင်းစားသုံးမှုများသော တရုတ်စားတော်ပဲမှာမူ ရွှေလီ၊ကြယ်ဂေါင် နယ်စပ်ဂိတ်ပိတ်ထားသဖြင့် ပြည်တွင်းသို့အဝင်မရှိဖြစ်နေခြင်းကြောင့် ဈေးတက်လာသည်။ စက်တင်ဘာ ၁၁ ရက်တွင် စားတော်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ၆၂,၅၀၀ကျပ်ရှိရာမှ လက်ရှိတွင် ၆၃,၀၀၀ကျပ် ကျော်အထိ မြင့်တက်လာကာ ဆက်လက်မြင့်တက်နိုင်ကြောင်းသိရသည်။

နောက်ဆက်တွဲအနေဖြင့် စားတော်ပဲတင်သွင်းမှု ရပ်တန့်သွားသဖြင့် ပဲခွဲစက်လုပ်ငန်းရှင်များက ကုလားပဲကို ပိုမိုဝယ်ယူလာကြရာ အဆိုပါပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ၇၅,၀၀၀ ကျပ်မှ ၇၆,၀၀၀ကျပ်သို့ မြင့်တက်လာသည်။ ကုလားပဲ (နိုင်းတူးနိုင်း) မှာလည်း ယခင်က တစ်အိတ်လျှင် ၇၆,၅၀၀ကျပ်မှ လက်ရှိတွင် ၇၇,၀၀၀မှ ၇၈,၀၀၀ကျပ်ကြား၊ ကုလားပဲ(ဗွီဆဲဗင်း) မှာလည်း ယခင် ၇၈,၅၀၀ကျပ်မှ ယခု၈၀,၀၀၀ကျပ်သို့ မြင့်တက်လာသည်။ ပဲတီစိမ်းမှာမူ ယခုနှစ် ပြည်တွင်းစိုက်ပျိုးရာတွင် အရည်အသွေးလိုအပ်ချက်နှင့် အထွက်နှုန်းနည်းပါးခြင်းတို့ကြောင့် ဈေးကွက်အတွင်း ပစ္စည်းလုံလောက်စွာမရှိပေ။ ထို့ကြောင့် ဈေးနှုန်းကျဆင်းခြင်းမရှိပဲ ပဲတီစိမ်းလုံးကြီး သုံးတင်းဝင်တစ်အိတ်လျှင် ၁၀၅,၀၀၀မှ ၁၁၀,၀၀၀ကျပ်ကြား ဈေးနှုန်း တည်ငြိမ်နေသည်။

**Sources: The Farmer Journal.**

https://www.facebook.com/myanmaawba/

## ဘင်္ဂလားဒေ့ရှ်က မြန်မာနိုင်ငံမှ ကြက်သွန်စတင်ဝယ်ယူ

ယခုလဆန်းပိုင်းကစတင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံက ကြက်သွန်နီများကိုစတင်ဝယ်ယူလာသဖြင့် လက်ရှိတွင် ကျဆင်းနေသည့် ကြက်သွန်နီဈေးများ ပြန်မြင့်တက်လာနိုင်ခြေရှိကြောင်း မန္တလေးမြို့ကြက်သွန်ဈေးကွက်ရှိ ကုန်သည်နှင့် ပွဲရုံများထံမှသိရသည်။ ယခုနှစ် ကြက်သွန်ရာသီတွင် ကြက်သွန်နီများ ပေါများစွာထွက်ရှိလာပြီးဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မတင်ပို့နိုင်သဖြင့် ရာသီလက်ကျန်ကာလအတွင်း တောင်သူများထံတွင် ကြက်သွန်များစွာ ကျန်ရှိနေချိန်တွင် ဘင်္ဂလားဒေ့ရှ်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှတစ်ဆင့် အနည်းငယ်စတင်ဝယ်ယူနေခြင်းဖြစ်ကြောင်း မန္တလေးမြို့ရှိရွှေမန်းလှ ကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်က မြန်မာတောင်သူကြီးများဂျာနယ်ကိုပြောသည်။ "တရုတ်ကတော့ ပုံမှန်ဝယ်နေတယ်။ အခုလ ၅ ရက် ၆ ရက်ကစပြီး

မြင်းခြံ၊မုံရွာ၊ပခုက္ကူ နယ်စုံကကြက်သွန်တွေ ဘင်္ဂလားဒေ့ရှ်လိုင်းဖြစ်တဲ့ စစ်တွေကို တော်တော်ရောင်းရတယ်။ တရုတ်ကပုံမှန် ဝယ်ပေမယ့် ဒီနှစ်ထွက်အားကိုကုန်အောင်တရုတ်က အကုန်မဝယ်နိုင်ဘူး။ ဘင်္ဂလားဒေ့ရှ်ကိုပါပို့မှ ကုန်နိုင်မှာဖြစ်တဲ့အတွက် အခု ကြက်သွန်တောင်သူတွေ ကံကောင်းတယ်လို့ ပြောရမယ်။ အခု စစ်တွေလိုင်း ဝယ်လိုအားက လက်ကျန်အားနဲ့ယှဉ်ရင် ကြက်သွန် ဈေးတန်းက မတက်နိုင်သေးဘူး။ လက်ရှိ အခုစားသောက်ဆိုင်တွေ ပါဆယ်စနစ်ဖြစ်သွားတဲ့အတွက် မန္တလေးမှာတော့ အရောင်း အဝယ်ပါးသွားတယ်"ဟု ၎င်းကပြောသည်။

မန္တလေး ကြက်သွန်ဈေးကွက်တွင် အရောင်းအဝယ်ပါးသွားသော်လည်း နယ်ဒေသ အဝင်၊ အထွက် ကန့်သတ်မှုများကြောင့် နယ်ကြက်သွန်မှာယူမှုများ ပိုမိုမြင့်တက်လာကြောင်း သိရသည်။ လက်ရှိတွင် ကြက်သွန်နီဈေးကွက်၌ ပြည်တွင်းရောင်းလိုအား၊ ဝယ်လိုအား သိသာစွာမရှိသေးဘဲ တည်ငြိမ်နေပြီး လက်ကျန်ရာသီကာလ၌ ကြက်သွန်ဈေး အတက်၊အကျမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ဝယ်လိုအားပေါ် မူတည်နေကြောင်း ကြက်သွန်ကုန်သည်များက သုံးသပ်ထားသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် ကြက်သွန်ဈေးနှုန်းများမှာ အရည်အသွေးပေါ်မူတည်ပြီး ထိပ်စတစ်ပိဿာလျှင် ကျပ်၅၅၀ ဝန်းကျင်ရှိပြီး အောက်စတစ်ပိဿာလျှင် ကျပ်၄၀၀ ဝန်းကျင်ဈေးရှိပြီး ဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရသည်။ ပြည်တွင်း ကြက်သွန်နီပေါက်ဈေးမှာပြီးခဲ့သည့်နွေရာသီကြက်သွန်စပေါ်ကတည်းက တောင်သူစိုက်ပျိုးထုတ်လုပ်မှု စရိတ်အောက်တွင်သာ ရှိနေပြီး ယခုစက်တင်ဘာလဆန်းမှ စတင်ကာဝယ်လိုအား အနည်းငယ်ရှိလာသောကြောင့် ပွဲရုံဈေး တစ်ပိဿာ ကျပ် ၄၅၀ မှ ကျပ် ၅၀၀ တန်းကို ရောက်ရှိလာကြောင်း မုံရွာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူ ဦးအောင်ထူးကပြောသည်။ "ကိုဗစ်ကြောင့် ကြက်သွန်ဈေးကွက် ဝယ်လိုအားမရှိတာကနေ လက်ရှိမှာတော့ ထုတ်လုပ်စရိတ်အပေါ်ကို ရောက်ရှိလာပါပြီ။ သတင်းတွေကြား တာကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဝယ်ရှိလာလို့ အဝယ်လိုက်လာပါတယ်။ နွေကြက်သွန်ပေါ်ကတည်းက ပွဲစားအဝယ်၊ လှောင်လက်အဝယ်မရှိလို့ တောင်သူလက်ထဲမှာများပါတယ်။ ဒီအခြေအနေလေးက ခံစားစရာရှိရင် တောင်သူတွေ တိုက်ရိုက် အကျိုးခံစားခွင့်ရလာနိုင်ပါတယ်။ ဒီနှစ်ကရာသီဥတုကြောင့်တူးဖော်ပြီး အရည်အသွေးကျဆင်းမှုကြောင့် ကြက်သွန်သိုလှောင်မှု မှာ အပျက်အစီး ၁၀ ရာခိုင်နှုန်းခန့်ရှိပါတယ်" ၎င်းကပြောသည်။

ကြက်သွန်ကို တရုတ် ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့်တောင်ကိုရီးယား စသည့်နိုင်ငံ များသို့ တင်ပို့ထားသည်။ ယခု ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ဩဂုတ် ၇ ရက်အထိ တန်ချိန် ၁၀၅၀၀၀ ကျော် တင်ပို့ထားပြီး ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လအတွင်း တန်ချိန် ၈၅၀၀၀ ကျော်တင်ပို့ထားကာ ယခင်နှစ်များထက် ပိုမိုတင်ပို့ထားနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထုတ်ပြန်ချက်များအရသိရသည်။ ယခုနှစ်မိုးကာလ တွင် တရုတ်နိုင်ငံ၌ရေကြီးရေလျှံမှုများကြောင့် ကြက်သွန်စိုက်ပျိုးနိုင်ခြင်းမရှိသောကြောင့်လည်း တရုတ်တွင် ကြက်သွန် လိုအပ်ချက်ရှိနေကြောင်း ပွဲရုံများက သုံးသပ်ထားသည်။

**Source: မြန်မာတောင်သူများဂျာနယ်**

https://www.facebook.com/sitepyo/

## လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှု ၁၁ လကျော်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံကျော်ရရှိ

လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုသည် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၁ လကျော်အတွင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၆ဘီလီယံကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များ အရသိရသည်။ ယခုဘဏ္ဍာနှစ် လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက အမေရိကန် ဒေါ်လာသန်း ၅၀၀ တိုးလာခဲ့ပြီးယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၁ ဘီလီယံကျော် ရရှိခဲ့ကြောင်းသိရသည်။ "လယ်ယာထွက်ကုန်ကတော့ ကျွန်တော်တို့ကအပင်ပိုးမွှား ကာကွယ်ရေးနဲ့ပတ်သက်ပြီးအရည်အသွေးမြှင့်ဖို့လိုတာပေါ့နော်။ အဲဒါတွေလုပ်ဖို့အတွက်ဆိုရင် မျိုးကောင်းမျိုးသန့်စတဲ့ ဒါမျိုးတွေ စပြီးလုပ်ဖို့လိုတယ်။ နောက်ကြတော့ တင်ပို့မယ့်နိုင်ငံရဲ့စည်းမျဉ်း(regulations)တွေ ၊ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် လုပ်ထားဖို့လိုတာပေါ့။ အဲဒါဆိုရင်တော့ ဘယ်ကမ္ဘာ့ဈေးကွက်ကိုပဲသွားသွားအဆင်ပြေတာပေါ့။ ကျွန်တော်တို့ ဆီကလည်း အမျိုးသားပို့ကုန်မဟာဗျူဟာ National Exports Strategy တွေရေးဆွဲထားတာရှိပါတယ်။ အဲဒီအထဲမှာလည်း လယ်ယာထွက်ကုန်ပစ္စည်းတွေလည်းပါဝင်ပါတယ်။"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီး

ဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမင်းမင်းကပြောကြားခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စက်တင်ဘာ ၁၁ ရက်အထိပို့ကုန် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇ ဘီလီယံကျော် ရရှိခဲ့ကြောင်းသိရသည်။ ဆန်နှင့်ဆန်ကွဲ၊ ပဲအမျိုးမျိုးနှင့်ပြောင်းတို့သည် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကတင်ပို့သည့် ပစ္စည်းများ ဖြစ်ပြီး သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ၊ နှမ်း၊ လက်ဖက်ခြောက်ခြောက်၊ သကြားနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များ ကိုလည်း အခြားနိုင်ငံများသို့ တင်ပို့ကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအား တရုတ် ၊ စင်ကာပူ ၊ မလေးရှား ၊ ဖိလစ်ပိုင် ၊ ဘင်္ဂလားဒေ့ရှ် ၊ အိန္ဒိယ ၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ပေလဲမြို့ရှိ ကမ်းနီးငါးဖမ်းလုပ်ငန်းရှင်များ ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းစတင်ရန် အခက်အခဲဖြစ်နေ



ငါးမဖမ်းရရာသီ ကုန်ဆုံးသွားပြီဖြစ်သော်လည်း ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ပေလဲမြို့ရှိ ကမ်းနီးငါးဖမ်း လုပ်ငန်းရှင်များမှာ ကိုဗစ်ကပ် ရောဂါကြောင့် လုပ်ငန်းစတင်ရန် အခက်အခဲဖြစ်နေကြောင်း ပေလဲမြို့ ကမ်းနီးငါးဖမ်းလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ “လက်ရှိအချိန်မှာ ကမ်းနီး ငါးဖမ်းလုပ်ငန်းတွေ စတင်ချိန်ရောက်နေပြီ။ ဒါပေမယ့်လုပ်ငန်း စတင်ဖို့ အားလုံးနီးပါးပြင်ဆင်ထားပေမယ့် ကိုဗစ်ကြောင့် မစတင်နိုင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းစတင်လိုက်ရင် ငါးတွေကို ဝယ်မယ့်သူမရှိသလို ရေလုပ်သားလည်းမရှိဘူး။ အခုကိုဗစ်ကာလဆိုတော့ လမ်းတွေပိတ်ထားတော့ရေလုပ်သားတွေလည်း မလာနိုင်ဘူး။ ဒါကြောင့် သက်ဆိုင်ရာဌာနနဲ့ ရခိုင်ပြည်နယ်အစိုးရက ကူညီပေးစေ လိုပါတယ်´´ ပေလဲမြို့ ကမ်းနီးငါးဖမ်းလုပ်ငန်းများအသင်းဥက္ကဋ္ဌ ဦးကျော်ဇေစိုးကပြောသည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းစတင်ခဲ့ပြီးနောက်ပိုင်းတွင် ကမ်းနီး ငါးဖမ်းလုပ်ငန်းရှင်များ အခက်အခဲများစွာရင်ဆိုင်ခဲ့ရပြီး ယခုကိုဗစ် ဒုတိယလှိုင်းတွင် လုပ်ငန်းမလုပ်နိုင်သည့်အထိ အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း ၎င်းကပြောသည်။ “အခုချိန် လုပ်ငန်းစလုပ်လိုက်လို့ ငါးတွေဝယ်မယ့်သူရှိရင်တော့ အဆင်ပြေတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းတစ်ခါလုပ်ရင် စရိတ်ကအရမ်းများလို့ပါ။ အရင်ပထမကိုဗစ်လှိုင်း တုန်းကလည်း ငါးတွေကိုဝယ်တဲ့သူတွေက ဈေးထက်ဝက်မကနှိမ်ဝယ်ကြတယ်။ အရင်တုန်းက ငါးပိသာချိန်တစ်သောင်းဆိုရင် သိန်း ၁၀၀ နီးပါးရတယ်။ အခုဆိုရင် ငါးပိသာချိန်တစ်သောင်းကို သိန်း ၂၀၊ ၃၀ ပဲရတယ်။ ကျွန်တော်တို့အတွက် အမြတ်မရတဲ့အပြင် အရှုံးပါပေါ်နေတယ်။ ဒီလိုရေရှည်သာဆိုရင်ကျွန်တော်တို့ရဲ့ စားဝတ်နေရေးခက်ခဲလာလိမ့်မယ်”ဟု ဦးကျော်ဇေစိုးက ဆက်လက်ပြောသည်။

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လ သုံးလကို ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ကာ ငါးဖမ်းခွင့်များကို ယာယီပိတ်ထားခဲ့ရာ လက်ရှိတွင် ငါးမဖမ်းရကာလ သုံးလတာပြည့်မြောက်ပြီဖြစ်၍ စက်တင်ဘာ ၁ ရက်က စတင်ကာ ကမ်းဝေးငါးဖမ်းလှေများကို ပင်လယ်ပြင်အတွင်း ငါးဖမ်းခွင့်များကို ပြန်လည်ခွင့်ပြုပေးလျက်ရှိသည်။ သို့သော် ပေလဲမြို့ရှိ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများက လုပ်ငန်းများမစတင်သေးဘဲ ငါးအရောင်းအဝယ်အခြေအနေကို စောင့်ကြည့်နေရကြောင်းသိရသည်။ “ကျွန်တော်တို့ သံတွဲခရိုင် ပေလဲမြို့က လူတွေက ဒီတံငါအလုပ်ကိုလုပ်တာများတယ်။ အခုလိုကိုဗစ်ကြောင့် လမ်းတွေပိတ်ထားကြတော့ ကျွန်တော်တို့ရေလုပ်သားတွေက ဘယ်မှသွားလို့မရတော့ဘူး။ ကျွန်တော်တို့ သာမန်ရေလုပ်သားတွေအတွက် စားဝတ်နေရေး အရမ်းကိုခက်ခဲတယ်” ဟု ရေလုပ်သားဦးဝင်းရွှေကပြောသည်။ သံတွဲခရိုင်အတွင်း နေထိုင်သူအများစုသည် ရေလုပ်ငန်းကို မှီခိုနေကြပြီး ပေလဲမြို့ ဂိုတ္တောရပ်ကွက်တစ်ခုတည်းတွင် ကမ်းနီးငါးဖမ်းလုပ်ငန်းရှင် ၈၅ ဦး၊ ရေလုပ်သားနှစ်ထောင်ကျော် ရှိကြောင်း ၎င်းကဆက်ပြောသည်။

**Source:** https://www.thefarmermedia.com/news/15617

## ဗြိတိန်နှင့် ဂျပန်ကုန်သွယ်မှုသဘောတူညီချက်ရရှိခဲ့ခြင်း

အီးယူမှဗြိတိန်ခွဲထွက်ပြီးနောက်ပိုင်း ဗြိတိန်နိုင်ငံ၏ ပထမဆုံးနှင့် အဓိကသဘောတူညီချက်အဖြစ် ဗြိတိန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ကုန်သွယ်ရေးသဘောတူညီချက်ရရှိခဲ့ကြောင်းသိရသည်။ ဗြိတိန်၏ ကုန်သွယ်ရေးအတွင်းဝန် Liz Truss နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Motegi Toshimitsu တို့အကြား ၁၁-၉-၂၀၂၀ ရက်နေ့က ဗီဒီယို call ဖြင့်တွေ့ဆုံမှုတွင် ဗြိတိန်-ဂျပန် စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို မူအားဖြင့်သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ ယခုသဘောတူညီချက်သည် ဗြိတိန်ခွဲထွက်မှုအလွန် ပထမဆုံးကုန်သွယ်ရေးသဘောတူညီချက်ဖြစ်သဖြင့် ဗြိတိန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အတွက် သမိုင်းဝင်အခိုက်အတန့်ဖြစ်ကြောင်း Liz Truss ကပြောကြားခဲ့သည်။

အီးယူ-ဂျပန် ကုန်သွယ်ရေးသဘောတူညီချက်အပေါ်တွင်အခြေခံ၍ ဗြိတိန်-ဂျပန် ကုန်သွယ် မှုသဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကို ပြီးခဲ့သည့် ဇွန်လကစတင်ခဲ့ခြင်းဖြစ်ပြီး၊ ယခုသဘောတူညီချက်ကြောင့် ဗြိတိန်၏ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုတွင် စတာလင်ပေါင် ၁၅ ဒသမ ၂ ဘီလီယံခန့် တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။ သဘောတူညီချက်အရ ဗြိတိန်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ဝက်သားနှင့်အမဲသားတင်ပို့မှုအတွက် အခွန်နှုန်းထားများကို လျှော့ချသွားမည်ဖြစ်သည်။ Stilton ဒိန်ခဲကဲ့သို့သော စားသောက်ကုန်ပစ္စည်းများကိုလည်း သက်သာသောအခွန်နှုန်းဖြင့် တင်ပို့နိုင်မည်ဖြစ်သည်။

ဗြိတိန်-ဂျပန် ကုန်သွယ်ရေးသဘောတူညီချက်သည် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) တွင် ပူးပေါင်းပါဝင်နိုင်ရေး ဗြိတိန်နိုင်ငံအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်သည် ဗြိတိန်၏စီးပွားရေးလုပ်ငန်းများအား အာရှပစိဖိတ်ဒေသသို့ ဝင်ပေါက်တစ်ခုသဖွယ်ဖြစ်နိုင်ပြီး၊ ထုတ်လုပ်မှု ကွင်းဆက် အမျိုးမျိုးကွဲပြားနိုင်စေရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးတို့ကို အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ ဗြိတိန်၏ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဂျပန်နိုင်ငံသို့ ပို့ကုန်များ၏ ၉၉ ရာခိုင်နှုန်းအပေါ် အခွန်သက်သာခွင့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း၊ ဗြိတိန်အစိုးရ၏ လေ့လာသုံးသပ်ချက်များအရ ဗြိတိန်-ဂျပန် ကုန်သွယ်မှုသဘောတူညီချက်သည် ဗြိတိန်နိုင်ငံ၏ စီးပွားရေးကိုမြှင့်တင်ရာတွင် စတာလင်ပေါင် ၁.၅ ဘီလီယံခန့် အကျိုးပြုနိုင်ပြီး၊ လုပ်သားများ၏ လုပ်ခလစာအတွက် ကာလရှည်တွင် စတာလင်ပေါင် (၈၀၀) သန်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** Politico နှင့် https://www.gov.uk

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## ဩဂုတ်လအတွင်း စင်ကာပူ၏ကုန်စည်ကုန်သွယ်မှု ၆.၉ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း စက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန်မှာ ၇.၇ ရာခိုင်နှုန်းတိုးတက်ခဲ့

၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် စင်ကာပူနိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆.၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ပို့ကုန်ပိုင်းတွင် ၄.၇ ရာခိုင်နှုန်းနှင့်သွင်းကုန်ပိုင်းတွင် ၉.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၁၇ - ၉ - ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

ကာလအလိုက်ညှိနှိုင်းမှုစာရင်းအရ ဩဂုတ်လတွင် ပို့ကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၄၃.၂ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၇.၃ ဘီလီယံ ရရှိခဲ့သည့်အတွက် စုစုပေါင်းကုန်စည်ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၈၀.၅ ဘီလီယံ ရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

ကုန်စည်ကုန်သွယ်မှုအခြေအနေမှာ ကျဆင်းမှုဆက်လက်ဖြစ်ပေါ်နေသော်လည်း ဩဂုတ်လတွင် စက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန် (Non-Oil Domestic Exports) သည် စင်ကာပူဒေါ်လာ ၁၅.၆ ဘီလီယံရရှိခဲ့သဖြင့် ယခင်နှစ်ထက် ၇.၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ ကြောင်း၊ စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်များကို အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်ဟူ၍ နှစ်မျိုးခွဲခြားထားပြီး အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်သည် ၅.၇ ရာခိုင်နှုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်သည် ၈.၃ ရာခိုင်နှုန်းဖြင့် နှစ်မျိုးလုံး ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်များတွင် အဓိကအားဖြင့် Personal Computers (၁၅.၂%) ၊ Disk Media ပစ္စည်း (၁၁.၈%) နှင့် ICs (၇.၁%) တို့ကို

တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး၊ အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်များအနက် အထူးသဖြင့် ရွှေ (၅၅.၁%)၊ အထူးထုတ်လုပ်ထားသောစက်ပစ္စည်း (၂၅.၇%) နှင့် Food Preparations (၁၈.၉%) တို့ကို ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ စင်ကာပူသည် စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်များကို ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့မှလွဲ၍ ၎င်း၏ အခြားအဓိကဈေးကွက် များသို့ တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး၊ အထူးသဖြင့် အီးယူ ၂၇ နိုင်ငံ (၃၀.၂%)၊ တရုတ် (၂၄.၅%) နှင့် အမေရိကန် (၁၄.၁%) နိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ သို့သော် ဖွံ့ဖြိုးဆဲဈေးကွက်များသို့ တင်ပို့မှု ၁.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

ဩဂုတ်လတွင် စင်ကာပူ၏ စက်သုံးဆီတင်ပို့မှုသည် ၄၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ အဓိက အားဖြင့် ဟောင်ကောင် (-၇၇.၆%) ၊ အင်ဒိုနီးရှား (- ၆၀.၈%) နှင့် မလေးရှား (- ၅၁.၈%) နိုင်ငံများသို့ တင်ပို့မှုကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ စက်သုံးဆီမဟုတ်သောကုန်ပစ္စည်းများကို ပြန်လည်တင်ပို့မှု (Non-Oil Re-exports) အပိုင်းတွင် ၀.၁ ရာခိုင်နှုန်းပြန်လည် တိုးတက်မှုရရှိလာကြောင်း သိရှိရပါသည်။

**Source:** Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## ကြက်သွန်နီ ပြည်ပတင်ပို့မှုအား အိန္ဒိယအစိုးရက တားမြစ်ကန့်သတ်လိုက်ခြင်း

အိန္ဒိယနိုင်ငံ၊ မဟာရတ္ထပြည်နယ်၊ နာရှစ်ခရိုင်ရှိ အဓိကကုန်စည်ဒိုင်ကြီးများ၌ ကြက်သွန်နီ လက္ကားဈေးနှုန်းများမှာ ရက်သတ္တနှစ်ပတ်အတွင်း နှစ်ဆမျှမြင့်တက်လာခဲ့ပြီးနောက် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် ပို့ကုန်မူဝါဒဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၅-၂၀ ကို ၁၄.၉.၂၀၂၀ နေ့၌ထုတ်ပြန်၍ တန်ဖိုးမြှင့်ပြုပြင်ထုပ်ပိုး ထားသည့်ကုန်စည် မှအပ ကြက်သွန်နီ အမျိုးအစားများအားလုံးကို ပြည်ပသို့တင်ပို့ခြင်းအား တားမြစ်ပိတ်ပင်လိုက် ပါသည်။

အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့တွင် ဩဂုတ်လနှောင်းပိုင်းကာလ၌ မိုးသည်းထန်စွာ ရွာသွန်း လျက် ရေကြီးမှုများကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ခြင်း၊ မုတ်သုံဆုတ်ခွာမှု နှောက်ကျခြင်းကြောင့် ရိတ်သိမ်းချိန်ရာသီ၌ ပတ်ဝန်းကျင်စိုထိုင်းဆမြင့်မားခြင်းတို့က မိုးသီးနှံကြက်သွန်နီ စိုက်ပျိုးထွက်ရှိမှုလျော့ကျလျက် ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းများမြင့်တက်မှုကို ဖြစ်ပေါ်စေ ဖွယ်ရာရှိနေပါသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကာနာတကာပြည်နယ်နှင့် အန္တရာပရာဒေ့ရှ် ပြည်နယ်တို့၌ မိုးဦး ကာလ၌ စိုက်ပျိုးသည့်ကြက်သွန်နီများမှာ ရိတ်သိမ်းချိန်ကာလတွင် ရေကြီးမှုများကြောင့် ထိခိုက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပုံမှန်အားဖြင့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ၎င်းဒေသများမှထွက်ရှိသည့် ကြက်သွန်နီများအား ပြည်တွင်းရှိဈေးကွက်များသို့ တင်ပို့လေ့ရှိသော်လည်း ယခုနှစ်၌သိုလှောင်ထားရှိသည့် မိုးကြက်သွန်နီများ၏ ၃၀% မှ ၄၀% အထိ ပျက်စီးခဲ့သဖြင့် ထုတ်လုပ်မှုကွင်းဆက်ကို ပျက်ယွင်းမှုဖြစ်စေခဲ့ကြောင်းဖြင့် India Times သတင်းဌာနက ဖော်ပြ ပါသည်။

သို့ရာတွင် မဟာရတ္ထပြည်နယ်ရှိ ကြက်သွန်နီ ကုန်သည်များကမူ အဆိုပါပြည်နယ်နှစ်ခု၌ ထုတ်လုပ်မှုလျော့ကျသော်လည်း ပြည်တွင်း၌ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လုံလောက်သည့် ပမာဏရှိကြောင်း၊ ကြက်သွန်နီလက္ကားဈေးနှုန်းမြင့်တက်သည်ဟုဆိုရာတွင် နာရှစ်ဒေသရှိ Pimpalgaon ဈေးကွက်၌သာ မြင့်တက်ခြင်းဖြစ်ကြောင်း၊ ဒေလီမြို့တော်ဈေးကွက်၌ နာရှစ်ဒေသထွက်ကြက်သွန်နီ၏ ဈေးနှုန်းမှာ မူလဒေသ၌ ရောင်းဈေးထက်ပင် နိမ့်ကျနေသည်ကို တွေ့ရှိရကြောင်းနှင့် ထိုသို့လက္ကားဈေးနှုန်းမြင့်တက်မှုမှာ ကုန်သည်အချို့၏ သိုလှောင်ဈေးကစားမှုများကြောင့်သာဖြစ်ကြောင်းဖြင့် ပြောဆိုလျက်ရှိသည်။ ဗဟိုအစိုးရက ကြက်သွန်နီပြည်ပတင်ပို့မှုအား တားမြစ်သည့်အမိန့် ထုတ်ပြန်ခဲ့မှုအပေါ် ၁၆.၉.၂၀၂၀ နေ့တွင် မဟာရတ္ထပြည်နယ်ရှိ မြို့ကြီးများ၌ ဒေသခံကုန်သည်များက ဆန့်ကျင်ဆန္ဒ ပြမှုများကို ပြုလုပ်ခဲ့ကြပြီး ဝန်ကြီးချုပ် Mr. Uddhav Thackeray က ၎င်းအနေဖြင့် ကြက်သွန်နီ ပြည်ပတင်ပို့မှု တားမြစ်ပိတ်ပင်ခြင်းအား ပြန်လည်ဖယ်ရှားပေးရန် ဗဟိုအစိုးရထံသို့ စာရေး သားပေးပို့ တောင်းဆိုမည်ဖြစ်ကြောင်းဖြင့် ထိုနေ့တွင် ကျင်းပသည့် မဟာရတ္ထပြည်နယ် အစိုးရ အဖွဲ့၏ အစည်းအဝေး၌ ပြောဆိုပါသည်။ ပြည်ပတင်ပို့မည့် ကြက်သွန်နီ တန်ချိန် ၄ သိန်းခန့်မှာ မွန်ဘိုင်းမြို့ရှိ ဂျဝါဟာလာနေရူး ဆိပ်ကမ်း၌ ဆိုင်းငံ့ထားရပြီး နီပေါနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနီးရှိ နယ်စပ်ဂိတ်များတွင်လည်း ကြက်သွန်နီကုန်တင်ကား

အစီးရေ ၅၀၀ ခန့်မှာ ပိတ်မိနေ သည်ဟု မဟာရတ္တပြည်နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Eknath Shinde ကပြောကြားကြောင်း Economic Times သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယအစိုးရ၏ ကြက်သွန်နီပြည်ပတင်ပို့မှု တားမြစ်သည့်အမိန့်ထုတ်ပြန်ပြီးခဲ့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်သွန်နီဈေးနှုန်းများမှာ ၅၀% ကျော် မြင့်တက်ခဲ့ကြောင်း၊ ဒါကာမြို့ တွင် ၁၄.၉.၂၀၂၀ နေ့၌ ကြက်သွန်နီ ၁ ကီလိုလျှင် တာကာငွေ ၆၀ ခန့်ရှိရာမှ နောက်တစ်ရက်တွင် တာကာငွေ ၉၀ မှ ၁၀၀ အထိ မြင့်တက်လာကြောင်း Hindu Businessline သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရပါသည်။ အိန္ဒိယအစိုးရ၏ ပြည်တွင်း၌ ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်ချက်မှာ မလေးရှား၊ နီပေါနှင့်သီရိလင်္ကာတို့ကဲ့သို့ အိန္ဒိယမှကြက်သွန်နီတင်သွင်းနေရသည့်နိုင်ငံများရှိ ဈေးကွက်များသို့လည်း သက်ရောက်ဖွယ်ရာရှိနေပါသည်။

Source:
1. Onion prices spike in Bangladesh after India bans exports, 15 Sept 2020, The Hindu Businessline
2. Traders claim higher prices of onion could be a result of manipulation, 15 Sept 2020, Economic Times
3. Onion Prices Have Risen So Much That Govt Has Banned All Exports, 15 Sept 2020, India Times
4. Maharashtra government to write to Centre for onion export ban roll-back, 16 Sept 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## STOCK EXCHANGE (22.9.2020)

### Market summary

As of 22nd Sep. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.52 | +5.90 | +1.37% | 432.28 | 436.52 | 430.97 | 3,975 | 40,767,500 | 6 | 649,519 |

**Index chart**



# Market Overview

As of 1:00 pm, 22nd Sep. 2020

| MYANPIX | 436.52 ▲ 5.90 |
|---|---|
| Total Volume (shares) | 3,975 |
| Total Value (MMK) | 41 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,519 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 200 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 1,500 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 3,000 | ▼ 50 |

TIR